# နွေဦးအသံ

**the voice of spring**

15.5.2021 · Saturday · No . 40 · Daily News Pamphlet

## CDM မပါဝင်ဘဲ ကျောင်းပြန်တက်နေသည့် ဒဂုံတက္ကသိုလ်မှ ကျောင်းသား(၃)ဦးကို ပေါက်ကွဲမှုနှင့် စွပ်စွဲပြီး စစ်အုပ်စုက ရိုက်နှက်ဖမ်းဆီးထားဟုသိရ

သတင်းတို — ရင်းမြစ် – ဧရာဝတီ မှ

## အခြေခံပညာရေးဝန်ထမ်းများအထွေထွေသပိတ်ကော်မတီမှ ပေးပို့ခဲ့သည့် တိုက်တွန်း အကြံပြုချက်များကို NUG ပညာရေးဝန်ကြီးဌာနက အချက်(၆)ချက်ပါ ပြန်ကြားလွှာနှင့် အသေးစိတ်ပြန်လည် ဖြေကြားထုတ်ပြန်ခဲ့

သတင်းတို — ရင်းမြစ် – NUG မှ

## အနာဂတ်၌ လူထုတရပ်လုံးနှင့် အတူ ဆက်လက်ရပ်တည်သွားမည်ဟု KNU ဗဟိုမှ ပြောကြား

သတင်းတို — ရင်းမြစ် – RFA မှ

## CDM ပြုလုပ်သည့် ဆရာ၊ ဆရာမများ၏ လုံခြုံရေးနှင့် အထောက်အပံ့အတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အလုပ်မှ ရပ်ဆိုင်း၊ ထုတ်ပယ်ခံရသူများ၊ ဖိအားကြောင့် နုတ်ထွက်ခဲ့ရသူများကိုလည်း ပြည်သူ့အစိုးရပေါ်ပေါက်ချိန်တွင် ပြန်လည်ခန့်အပ်၍ ဂုဏ်ပြုသွားမည်ဟု NUG ကတိပေး

သတင်းတို — ရင်းမြစ် – NUG မှ

## တအိမ်လုံးအမှောင်ချပြီး "မီးမှိတ်သပိတ်"ကို မေ(၁၅)ရက်မှစတင်၍ ညစဉ်(ဂး၁၅-ဂး၃၀)၌ ပြုလုပ်ကြမည်






မေလ(၁၄)ရက်၊ ရန်ကုန်၊ မန္တလေး၊ ဖားကန့်-တာမခံ၊ ထားဝယ်တွင် ပြုလုပ်ခဲ့ကြသည့် သပိတ်စစ်ကြောင်းများကို တွေ့ရစဉ် -(ဓါတ်ပုံ- CJ )

## ပထမဦးဆုံးအကြိမ် ဦးဝင်းထိန်ကို လူကိုယ်တိုင် ရုံးထုတ်ခဲ့ပြီး ရှေ့နေနှင့် လူချင်းတွေ့ဆုံခွင့် ရခဲ့ဟုသိရ

သတင်းတို — ရင်းမြစ် – ဧရာဝတီ မှ

## စစ်အုပ်ချုပ်ရေးကြေညာမှုမှာ သက်ရောက်မှု မရှိဘဲ တိုက်ပွဲဖြစ်နေသည့် စစ်ကျွန်ရဲစခန်းနှင့် (၂၇၄) စစ်တပ်နေရာမှလွဲ၍ ကျန်မြို့ပေါ်နေရာအားလုံးကို အုပ်ချုပ်နိုင်ပြီဟု မင်းတပ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ပြောကြားခဲ့

သတင်းတို — ရင်းမြစ် – ဧရာဝတီ မှ

## စစ်အုပ်စုက မတရားဖမ်းဆီးပြီး သေဒဏ်ချမှတ်ခံရသူများမှာ ရှေ့နေငှားခွင့် လုံးဝမရဘဲ ခုခံကာကွယ်ခွင့်ဆုံးရှုံးနေ

သတင်းတို — ရင်းမြစ် – RFA မှ

## မန္တလေးမြို့တွင် ည(၇)နာရီခန့်မှစတင်ပြီး ပေါက်ကွဲမှုများ(၁၀)ခုထက်မနည်း ဆက်တိုက်ဖြစ်ပွားခဲ့ဟုသိရ

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ

## BGF နှင့် စစ်အုပ်စုတပ်တို့ အချင်းချင်းမှားယွင်းပစ်ခတ်မိသဖြင့် BGF (၁၂)ဦး၊ စစ်အုပ်စုမှ(၃)ဦးသေဆုံး

သတင်းတို — ရင်းမြစ် – ခေတ်သစ် မှ

## မြင်းခြံမြို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် စစ်အုပ်စုတို့ ည(၉)နာရီမှစတင်ပြီး တိုက်ပွဲဖြစ်ပွားလျက်ရှိ

သတင်းတို — ရင်းမြစ် – ခေတ်သစ် မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

နွေဦးအသံ
the voice of spring
15.5.2021 · Saturday · No . 40 · Daily News Pamphlet

# သတင်းမှတ်စု

မေလ(၁၄)ရက်၊ ၂၀၂၁

- ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်၌ စစ်အုပ်စုက လမ်းမကြီးများပေါ်တွင် ဂိတ်ထား၍ စစ်ဆေးမှုများ ပြုလုပ်နေခြင်းမှာ ပြည်သူများအား အကြပ်အတည်းဖြစ်စေရန် ဖန်တီးခြင်းသာဖြစ်၍ လက်ခံနိုင်ခြင်း မရှိဟု ကျောက်ကြီး KNU မြို့နယ်အလုပ်အမှုဆောင်ကော်မတီက ထုတ်ပြန်ခဲ့။
- မန္တလေး (၇၈)နှင့် (၃၈)လမ်း၊ မျက်ပါးရပ်တပ်ပိုင်မြေတွင် စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်၏ သားဖြစ် သူတည်ဆောက်ထားသည့် ရတနာပုံခန်းမ ဖွင့်ပွဲတွင် လာရောက်တီးခတ်ပေးရန်အတွက် မန္တလေးမြို့ ဂုဏ်ဆောင် မြို့မအဖွဲ့အား ဖိအားပေး ခေါ်ယူခဲ့သည့်အတွက် ဝေဖန်လျက်ရှိဟုသိရ။
- မံစီမြို့နယ် မဒန်ယန်ကျေးရွာတွင် နံနက်(၈)နာရီခွဲခန့်ကစ၍ KIA နှင့် စစ်အုပ်စုတို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်အုပ်စုဘက်မှ လေကြောင်းနှင့် နစ်ကြိမ် တိုက်ခိုက်ခဲ့ဟုသိရ။
- မြစ်ကြီးနားမြို့၊ ပုဂ္ဂလိကပိုင် ကမ္ဘောဇဘဏ်(၁) ရှေ့တွင် နံနက်(၆)နာရီခန့်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ စစ်အုပ်စုလုံခြုံရေးတပ်သားတဦး ဒဏ်ရာရရှိခဲ့။
- ရေးမြို့၊ အောင်သုခရပ်ကွက်နေ ၂၀၂၀ ရွေးကောက်ပွဲ တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းအငြိမ်းစားဗိုလ်မှူးဟောင်း ဦးအောင်နိုင်ဝင်းအိမ်တွင် မေ(၁၃)ရက်၊ ည(၇) နာရီခန့်က ဗုံးပေါက်ကွဲခဲ့ပြီး ဒဏ်ရာရရှိခဲ့။
- ရန်ကုန်၊ ဒဂုံတက္ကသိုလ် နားနေဆောင် (၂) အနီးတွင် နေ့လယ်ပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ကျောင်းဝင်းအတွင်းရှိ သူများကို ထွက်ခွင့်မပေးဘဲ ဝင်းတံခါးပိတ်ခဲ့ဟုသိရ။
- ရန်ကုန်၊ ထောက်ကြံ့ရှိ ကညနရုံးတွင် နေ့လယ်(၁၂)နာရီခန့်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အမျိုးသမီးတဦး ဒဏ်ရာရခဲ့။
- ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းတွင် မေ(၁၃)ရက်၊ ညနေ(၆)နာရီခွဲက မြို့ရှေ့ကျောင်း အ.ထ.က၊ ပြည်သူ့ဆေးရုံနှင့် စည်ပင်ရုံးတို့တွင် ဆက်တိုက် ပေါက်ကွဲခဲ့ပြီးနောက် ည(၁၀)နာရီကျော်တွင် ဘူတာလမ်းဆုံမီးပွိုင့်အနီး၌ ထပ်မံပေါက်ကွဲခဲ့။
- မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာတန်ဖိုးနည်းအိမ် မမ(၁၆)၊ တိုက်အမှတ်(၁၉)၊ ပထမထပ်တွင် ညနေ(၃)နာရီခန့်က ပါဆယ်ထုတ်မှတဆင့် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အမျိုးသားနစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ဟုသိရ။
- ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့ ပြည်သူ့ဆေးရုံ၌ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ဟု သိရ။
- ဇန်းမော်ခရိုင်၊ မိုးမောက်မြို့နယ် ထွေအုပ်ရုံးတွင် အုပ်ချုပ်ရေးမှူးနှုတ်ဆက်ပွဲ လုပ်နေစဉ်အတွင်း ပေါက်ကွဲမှုဖြစ်၍ အမျိုးသားတဦးနှင့် အမျိုးသမီး သုံးဦး ဒဏ်ရာရရှိခဲ့။
- တောင်ကြီးနည်းပညာတက္ကသိုလ်အနီးတွင် နံနက်(၁၀)နာရီခွဲခန့်က ဗုံးပေါက်ကွဲခဲ့။
- ရန်ကုန်၊ မင်္ဂလာဒုံမြို့နယ် အ.ထ.က (၆) ကျောင်း။ မြင်းခြံခရိုင်၊ တောင်သာ။ ပဲခူး၊ ကြို့ပင်ကောက်မြို့လယ် နာရီစင်။ ဝက်လက်မြို့နယ်ရှိကျေးရွာများ။ ရွှေဘို၊ လုံးတော်ရွာ။ ပခုက္ကူမြို့။ ရေးမြို့၊ အ.ထ.က (၁)ကျောင်း။ လောင်းလုံမြို့နယ်၊ သကျက်တောကျေးရွာ။ ရောဝတီ၊ လပွတ္တာမြို့ တို့၌ စစ်ကျွန်ပညာရေး အလိုမရှိ သပိတ်။ မုံရွာ၊ အမြင့်လမ်းသပိတ်စစ်ကြောင်း။ တောင်ကြီးမြို့တို့တွင် လူမဲ့သပိတ်။ တန့်ဆည်မြို့နယ်၊ ကျေးရွာပေါင်းစုံ။ ကယား၊ ဒီးမော့ဆိုမြို့။ ရှမ်း-သီပေါမြို့တို့၌ ဆိုင်ကယ်သပိတ် ပြုလုပ်ခဲ့ကြ။
- ရန်ကုန်၊ အလုံမြို့နယ်၌ ဒေါပုံ၊ မြောက်ဥက္ကလာပ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း မြို့နယ်ပေါင်းစုံသပိတ်၊ လှိုင်သာယာ၊ တောင်ဒဂုံ၊ ကမာရွတ်၊ မရမ်းကုန်း၊ သုံးခွ၊ ဆေးမိသားစုသပိတ်။ မန္တလေး၊ တပ်ပေါင်းစုသပိတ်၊ သံဃာသမဂ္ဂ၊ စက်မှု၊ နွေဦးခေတ်သစ်၊ ဒေါင်းစစ်သည်၊ ကျောက်မျက်ရတနာကုန်သည်ပွဲစားများစစ်ကြောင်း။ ညောင်ဦး။ မိတ္ထီလာ။ တောင်ငူ။ ပခုက္ကူ။ ကမ္မ။ စစ်ကိုင်း။ ပြင်ဦးလွင်။ ရေဦး။ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံ။ ဒီပဲယင်း။ ကသာ။ ကောလင်း။ မိုးကောင်း။ ပုဂံ။ ပဲခူးမြို့။ ကလေးမြို့။ ထားဝယ်။ ရေဖြူ၊ ကံပေါက်။ လောင်းလုံမြို့နယ်။ သရက်ချောင်း၊ ကနက်သီရိ၊ ပန်းတောရွာ။ ရောဝတီ၊ ပုသိမ်၊ ကြံ့ခင်း။ မွန်-ပေါင်၊ ကျိုက်မရော။ ကချင်- မြစ်ကြီးနား၊ ဖားကန့် မြို့၊ မော်ပေါင်းစုံသပိတ်၊ တာမခန်၊ မိုးညင်း။ နမ္မတီး။ လွိုင်ကော်မြို့၊ ထေးဝှား လျား ကျေးရွာ။ ချင်း၊ ဟားခါး။ ရှမ်း-ကျောက်မဲ၊ နန့်ခမ်း စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြ။

ရင်းမြစ် - မဇ္ဈိမ မှ

**ဖေဖော်ဝါရီ(၁)ရက်မှစပြီး မေလ(၁၃)ရက်အထိ**

**ကျဆုံးသူဦးရေ - ၇၈၈ ဦး ( ကလေးငယ် ၅၀ ဦးပါဝင် )**

**အဖမ်းဆီးခံရသူဦးရေ - ၅၀၂၀ ဦး**

**ဝရမ်းထုတ်ခံရသူဦးရေ - ၁၆၁၉ ဦး**

ရင်းမြစ် - အေအေပီပီမှ




မေလ(၁၄)ရက်၊ ရန်ကုန်၊ ဆင်မင်းဈေးအနီး၌ ပြုလုပ်ခဲ့သည့် မြို့နယ်ပေါင်းစုံ သပိတ်စစ်ကြောင်းကို တွေ့ရစဉ် -(ဓါတ်ပုံ- CJ )

**စစ် အာဏာရှင် စနစ် အလို မရှိ**

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**

**နွေဦးစကား ဒို့ပြောကြား**

"တယောက်တည်းဖြစ်နေရင်တောင် ဒီတိုက်ပွဲကို အဆုံးထိတိုက်မယ်"